| | နိုင်ငံသား စိစစ်ရေးကတ် | ဧည့်နိုင်ငံသား ကတ် | နိုင်ငံသား ပြုခွင့် ရသူကတ် | အမျိုးသား မှတ်ပုံတင် ကတ် | သာသနာ့ဝင် ကတ် | ယာယီ သက်သေ ခံကတ် | နိုင်ငံခြားသား မှတ်ပုံတင် လက်မှတ် | နိုင်ငံခြားသား နိုင်ငံကူး လက်မှတ် | မည်သည့် ကတ်မှမကိုင် ဆောင်သူ |
|---|---|---|---|---|---|---|---|---|---|
| စုစုပေါင်း | ၁၆၇,၄၃၀ | ၈၈ | ၂၄၆ | ၄၀၆ | ၁,၀၅၆ | ၃၂၈ | * | ၅၄ | ၇၇,၅၄၉ |
| မြို့ပြ | ၂၁,၀၅၂ | ၃၃ | ၆၇ | ၅၄ | ၃၆၅ | ၅၄ | * | ၁၃ | ၆,၀၇၉ |
| ကျေးလက် | ၁၄၆,၃၇၈ | ၅၅ | ၁၇၉ | ၃၅၂ | ၆၉၁ | ၂၇၄ | * | ၄၁ | ၇၁,၄၇၀ |
| ကျား | ၈၄,၂၅၀ | ၄၈ | ၁၄၆ | ၁၇၇ | ၉၇၆ | ၁၇၈ | * | ၂၅ | ၃၅,၀၈၆ |
| မ | ၈၃,၁၈၀ | ၄၀ | ၁၀၀ | ၂၂၉ | ၈၀ | ၁၅၀ | * | ၂၉ | ၄၂,၄၆၃ |

မှတ်ချက်။ * စုစုပေါင်းကတ်အရေအတွက်(၂၀) ထက်နည်းပါသည်။




- မော်လမြိုင်ကျွန်းမြို့နယ်တွင် အသက် (၁၀) နှစ်နှင့်အထက် လူဦးရေ၏ (၆၇.၇) ရာခိုင်နှုန်းသည် နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်သူများဖြစ်ပြီး (၃၁.၄) ရာခိုင်နှုန်းသည် မည်သည့်ကတ်မှ မကိုင်ဆောင်သူများဖြစ်ပါသည်။
- ကျား နှင့် မ နှိုင်းယှဉ်ရာတွင် ကျား ဦးရေ (၂၉.၀) ရာခိုင်နှုန်းနှင့် မ ဦးရေ (၃၃.၆) ရာခိုင်နှုန်းတို့သည် မည်သည့်ကတ်မှ မကိုင်ဆောင်သူများဖြစ်သည်ကို တွေ့ရှိရပါသည်။

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

## (စ) မသန်စွမ်းမှုအကြောင်းအရာ

### ဇယား (၁၁) - မသန်စွမ်းရာခိုင်နှုန်းနှင့် မသန်စွမ်းမှုအမျိုးအစားအလိုက် လူဦးရေကို အသက်အုပ်စုအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား

| အသက်အုပ်စု | လူဦးရေစုစုပေါင်း | | | | မသန်စွမ်းမှုအမျိုးအစား | | | |
|---|---|---|---|---|---|---|---|---|
| | စုစုပေါင်း | သန်စွမ်းသူ ဦးရေ | မသန်စွမ်းသူ ဦးရေ (မည်သည့် မသန်စွမ်းမှု အမျိုးအစားမဆို) | မသန်စွမ်းမှု ရာခိုင်နှုန်း | အမြင် | အကြား | လမ်းလျှောက်/ အမြင့်တက်/ ပစ္စည်းကိုင်တွယ် | သင်ယူလေ့လာခြင်း/ မှတ်ဉာဏ်/အာရုံ စူးစိုက်ခြင်း |
| စုစုပေါင်း | ၃၁၁,၃၄၀ | ၂၆၇,၃၀၅ | ၄၄,၀၃၅ | ၁၄.၁ | ၂၉,၄၈၇ | ၉,၇၄၃ | ၁၈,၆၉၇ | ၁၈,၂၈၉ |
| ၀ - ၄ | ၃၁,၅၇၃ | ၃၀,၁၄၁ | ၁,၄၃၂ | ၄.၅ | ၁၁၈ | ၁၂၇ | ၁,၀၀၇ | ၁,၀၄၈ |
| ၅ - ၉ | ၃၂,၅၉၉ | ၃၁,၅၈၁ | ၁,၀၁၈ | ၃.၁ | ၁၈၇ | ၂၄၇ | ၃၅၉ | ၅၇၇ |
| ၁၀ - ၁၄ | ၃၀,၂၄၂ | ၃၀,၁၉၁ | ၁,၀၅၁ | ၃.၄ | ၂၄၉ | ၂၅၃ | ၃၂၂ | ၅၃၀ |
| ၁၅ - ၁၉ | ၂၆,၅၉၃ | ၂၅,၆၆၉ | ၉၂၄ | ၃.၅ | ၃၂၀ | ၁၇၀ | ၃၀၅ | ၃၈၆ |
| ၂၀ - ၂၄ | ၂၄,၉၉၀ | ၂၄,၀၁၈ | ၉၇၂ | ၃.၉ | ၃၂၇ | ၁၈၂ | ၂၉၀ | ၃၉၃ |
| ၂၅ - ၂၉ | ၂၅,၈၆၄ | ၂၄,၅၉၉ | ၁,၂၆၅ | ၄.၉ | ၄၆၀ | ၂၁၀ | ၄၄၀ | ၄၇၈ |
| ၃၀ - ၃၄ | ၂၄,၄၉၆ | ၂၂,၈၉၈ | ၁,၅၉၈ | ၆.၅ | ၅၉၇ | ၃၀၈ | ၅၃၄ | ၆၀၇ |
| ၃၅ - ၃၉ | ၂၂,၇၂၀ | ၂၀,၄၇၅ | ၂,၂၄၆ | ၉.၉ | ၁,၁၀၃ | ၃၃၂ | ၇၃၀ | ၈၂၆ |
| ၄၀ - ၄၄ | ၁၉,၆၀၄ | ၁၆,၁၂၃ | ၃,၄၈၁ | ၁၇.၈ | ၂,၄၆၄ | ၄၃၆ | ၁,၀၀၂ | ၁,၁၂၈ |
| ၄၅ - ၄၉ | ၁၇,၄၃၇ | ၁၂,၇၉၅ | ၄,၆၄၂ | ၂၆.၆ | ၃,၆၆၄ | ၄၉၄ | ၁,၃၆၀ | ၁,၄၂၅ |
| ၅၀ - ၅၄ | ၁၅,၂၄၁ | ၁၀,၁၀၀ | ၅,၁၄၁ | ၃၃.၇ | ၄,၀၁၈ | ၇၀၆ | ၁,၈၁၈ | ၁,၇၁၇ |
| ၅၅ - ၅၉ | ၁၃,၀၀၅ | ၇,၇၆၂ | ၅,၂၄၃ | ၄၀.၃ | ၄,၀၁၁ | ၉၀၃ | ၂,၀၇၈ | ၁,၉၂၈ |
| ၆၀ - ၆၄ | ၁၀,၀၈၉ | ၅,၃၀၇ | ၄,၇၈၂ | ၄၇.၃ | ၃,၇၂၂ | ၁,၀၆၆ | ၂,၁၇၀ | ၁,၉၃၅ |
| ၆၅ - ၆၉ | ၆,၁၆၆ | ၂,၇၄၀ | ၃,၄၂၆ | ၅၅.၆ | ၂,၇၃၀ | ၁,၀၃၄ | ၁,၇၇၅ | ၁,၅၄၆ |
| ၇၀ - ၇၄ | ၃,၇၉၃ | ၁,၃၇၂ | ၂,၄၂၁ | ၆၃.၈ | ၁,၉၇၀ | ၈၈၉ | ၁,၄၂၃ | ၁,၁၉၀ |
| ၇၅ - ၇၉ | ၂,၉၇၅ | ၈၅၅ | ၂,၁၂၀ | ၇၁.၃ | ၁,၇၀၀ | ၉၉၉ | ၁,၃၈၄ | ၁,၁၅၆ |
| ၈၀ - ၈၄ | ၁,၈၄၁ | ၄၃၄ | ၁,၄၀၇ | ၇၆.၄ | ၁,၁၄၉ | ၈၂၆ | ၁,၀၀၅ | ၈၅၄ |
| ၈၅ - ၈၉ | ၈၀၆ | ၁၇၃ | ၆၃၃ | ၇၈.၅ | ၅၀၀ | ၃၉၃ | ၄၈၇ | ၄၀၄ |
| ၉၀ + | ၃၀၅ | ၆၂ | ၂၄၃ | ၇၉.၇ | ၁၈၄ | ၁၆၆ | ၁၉၇ | ၁၆၀ |

## ဇယား (၁၁) - မသန်စွမ်းရာခိုင်နှုန်းနှင့် မသန်စွမ်းမှုအမျိုးအစားအလိုက် လူဦးရေကို အသက်အုပ်စုအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား (အဆက်)

| အသက်အုပ်စု | လူဦးရေစုစုပေါင်း | | | | မသန်စွမ်းမှုအမျိုးအစား | | | |
|---|---|---|---|---|---|---|---|---|
| | စုစုပေါင်း | သန်စွမ်းသူဦးရေ | မသန်စွမ်းသူဦးရေ (မည်သည့်မသန်စွမ်းမှုအမျိုးအစားမဆို) | မသန်စွမ်းမှုရာခိုင်နှုန်း | အမြင် | အကြား | လမ်းလျှောက်/အမြင့်တက်/ပစ္စည်းကိုင်တွယ် | သင်ယူလေ့လာခြင်း/မှတ်ဉာဏ်/အာရုံစူးစိုက်ခြင်း |
| ကျား | ၁၅၃,၁၂၇ | ၁၃၂,၂၇၉ | ၂၀,၈၄၈ | ၁၃.၆ | ၁၃,၅၀၀ | ၄,၃၆၃ | ၈,၇၄၂ | ၈,၂၈၇ |
| ၀ - ၄ | ၁၅,၉၀၀ | ၁၅,၁၂၅ | ၇၇၅ | ၄.၉ | ၅၁ | ၆၉ | ၅၄၀ | ၅၅၃ |
| ၅ - ၉ | ၁၆,၃၃၄ | ၁၅,၇၇၈ | ၅၅၆ | ၃.၄ | ၉၈ | ၁၃၄ | ၁၉၇ | ၃၂၁ |
| ၁၀ - ၁၄ | ၁၅,၇၆၆ | ၁၅,၁၉၆ | ၅၇၀ | ၃.၆ | ၁၁၈ | ၁၃၉ | ၁၇၆ | ၂၉၄ |
| ၁၅ - ၁၉ | ၁၃,၃၇၃ | ၁၂,၉၁၉ | ၄၅၄ | ၃.၄ | ၁၂၆ | ၈၈ | ၁၆၀ | ၁၉၈ |
| ၂၀ - ၂၄ | ၁၂,၀၄၂ | ၁၁,၆၀၁ | ၄၄၁ | ၃.၇ | ၁၃၅ | ၈၈ | ၁၃၆ | ၁၇၇ |
| ၂၅ - ၂၉ | ၁၂,၅၃၇ | ၁၁,၉၄၄ | ၅၉၃ | ၄.၇ | ၁၈၈ | ၉၄ | ၂၃၀ | ၂၀၇ |
| ၃၀ - ၃၄ | ၁၂,၀၅၂ | ၁၁,၂၅၈ | ၇၉၄ | ၆.၆ | ၂၅၈ | ၁၅၆ | ၂၈၈ | ၂၉၇ |
| ၃၅ - ၃၉ | ၁၁,၀၈၀ | ၁၀,၀၃၀ | ၁,၀၅၀ | ၉.၅ | ၄၃၉ | ၁၄၈ | ၃၉၈ | ၃၉၂ |
| ၄၀ - ၄၄ | ၉,၆၄၈ | ၈,၀၄၆ | ၁,၆၀၂ | ၁၆.၆ | ၁,၀၅၇ | ၂၀၈ | ၅၁၅ | ၄၉၆ |
| ၄၅ - ၄၉ | ၈,၆၀၆ | ၆,၃၃၆ | ၂,၂၇၀ | ၂၆.၄ | ၁,၇၇၅ | ၂၂၁ | ၆၃၃ | ၆၁၉ |
| ၅၀ - ၅၄ | ၇,၄၈၈ | ၄,၉၈၂ | ၂,၅၀၆ | ၃၃.၅ | ၁,၉၈၀ | ၃၁၀ | ၈၈၈ | ၇၈၃ |
| ၅၅ - ၅၉ | ၆,၃၈၃ | ၃,၈၇၇ | ၂,၅၀၆ | ၃၉.၃ | ၁,၉၇၂ | ၄၁၃ | ၉၇၂ | ၈၈၂ |
| ၆၀ - ၆၄ | ၄,၈၁၅ | ၂,၅၇၅ | ၂,၂၄၀ | ၄၆.၅ | ၁,၇၅၉ | ၄၆၄ | ၉၅၆ | ၈၄၅ |
| ၆၅ - ၆၉ | ၂,၇၈၉ | ၁,၃၀၀ | ၁,၄၈၉ | ၅၃.၄ | ၁,၁၈၇ | ၄၂၄ | ၇၄၈ | ၆၃၁ |
| ၇၀ - ၇၄ | ၁,၇၁၄ | ၆၄၄ | ၁,၀၇၀ | ၆၂.၄ | ၈၈၂ | ၃၉၁ | ၆၁၃ | ၅၀၃ |
| ၇၅ - ၇၉ | ၁,၃၄၈ | ၃၆၇ | ၉၈၁ | ၇၂.၈ | ၇၇၇ | ၄၄၈ | ၆၁၅ | ၅၁၄ |
| ၈၀ - ၈၄ | ၇၈၀ | ၁၈၉ | ၅၉၁ | ၇၅.၈ | ၄၆၁ | ၃၃၇ | ၄၀၆ | ၃၄၃ |
| ၈၅ - ၈၉ | ၃၄၉ | ၈၆ | ၂၆၃ | ၇၅.၄ | ၂၀၆ | ၁၆၄ | ၁၉၈ | ၁၆၀ |
| ၉၀ + | ၁၂၃ | ၂၆ | ၉၇ | ၇၈.၉ | ၇၁ | ၆၇ | ၇၃ | ၆၂ |

## ဇယား (၁၁) - မသန်စွမ်းရာခိုင်နှုန်းနှင့် မသန်စွမ်းမှုအမျိုးအစားအလိုက် လူဦးရေကို အသက်အုပ်စုအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား (အဆက်)

| အသက်အုပ်စု | လူဦးရေစုစုပေါင်း | | | | မသန်စွမ်းမှုအမျိုးအစား | | | |
|---|---|---|---|---|---|---|---|---|
| | စုစုပေါင်း | သန်စွမ်းသူဦးရေ | မသန်စွမ်းသူဦးရေ (မည်သည့်မသန်စွမ်းမှုအမျိုးအစားမဆို) | မသန်စွမ်းမှုရာခိုင်နှုန်း | အမြင် | အကြား | လမ်းလျှောက်/အမြင့်တက်/ပစ္စည်းကိုင်တွယ် | သင်ယူလေ့လာခြင်း/မှတ်ဉာဏ်/အာရုံစူးစိုက်ခြင်း |
| မ | ၁၅၈,၂၁၃ | ၁၃၅,၀၂၆ | ၂၃,၁၈၇ | ၁၄.၇ | ၁၅.၉၈၇ | ၅.၃၈၀ | ၉.၉၅၅ | ၁၀,၀၀၂ |
| ၀ - ၄ | ၁၅,၆၇၃ | ၁၅,၀၁၆ | ၆၅၇ | ၄.၂ | ၆၇ | ၅၈ | ၄၆၇ | ၄၉၅ |
| ၅ - ၉ | ၁၆,၂၆၅ | ၁၅,၈၀၃ | ၄၆၂ | ၂.၈ | ၈၉ | ၁၁၃ | ၁၆၂ | ၂၅၆ |
| ၁၀ - ၁၄ | ၁၅,၄၇၆ | ၁၄,၉၉၅ | ၄၈၁ | ၃.၁ | ၁၃၁ | ၁၁၄ | ၁၄၆ | ၂၃၆ |
| ၁၅ - ၁၉ | ၁၃,၂၂၀ | ၁၂,၇၅၀ | ၄၇၀ | ၃.၆ | ၁၉၅ | ၈၃ | ၁၄၅ | ၁၈၈ |
| ၂၀ - ၂၄ | ၁၂,၉၄၈ | ၁၂,၄၁၇ | ၅၃၁ | ၄.၁ | ၁၉၂ | ၉၄ | ၁၅၅ | ၂၁၆ |
| ၂၅ - ၂၉ | ၁၃,၃၂၇ | ၁၂,၆၅၅ | ၆၇၂ | ၅.၀ | ၂၃၃ | ၁၁၇ | ၂၁၀ | ၂၆၁ |
| ၃၀ - ၃၄ | ၁၂,၄၄၄ | ၁၁,၆၄၀ | ၈၀၄ | ၆.၅ | ၃၃၉ | ၁၅၂ | ၂၄၆ | ၃၁၀ |
| ၃၅ - ၃၉ | ၁၁,၆၄၁ | ၁၀,၄၄၅ | ၁,၁၉၆ | ၁၀.၃ | ၆၇၄ | ၁၈၄ | ၃၃၂ | ၄၃၄ |
| ၄၀ - ၄၄ | ၉,၉၅၆ | ၈,၀၇၇ | ၁,၈၇၉ | ၁၈.၉ | ၁,၄၀၇ | ၂၂၈ | ၄၈၇ | ၆၃၂ |
| ၄၅ - ၄၉ | ၈,၈၃၁ | ၆,၄၅၉ | ၂,၃၇၂ | ၂၆.၉ | ၁,၈၈၉ | ၂၇၃ | ၇၂၇ | ၈၀၆ |
| ၅၀ - ၅၄ | ၇,၇၅၃ | ၅,၁၁၈ | ၂,၆၃၅ | ၃၄.၀ | ၂,၀၃၈ | ၃၉၆ | ၉၃၀ | ၉၃၄ |
| ၅၅ - ၅၉ | ၆,၆၂၂ | ၃,၈၈၅ | ၂,၇၃၇ | ၄၁.၃ | ၂,၀၇၉ | ၄၉၀ | ၁,၁၀၆ | ၁,၀၄၆ |
| ၆၀ - ၆၄ | ၅,၂၇၄ | ၂,၇၄၂ | ၂,၅၃၂ | ၄၈.၀ | ၁,၉၆၃ | ၆၀၂ | ၁,၂၁၄ | ၁,၀၉၀ |
| ၆၅ - ၆၉ | ၃,၃၇၇ | ၁,၄၄၀ | ၁,၉၃၇ | ၅၇.၄ | ၁,၅၄၄ | ၆၁၀ | ၁,၀၂၇ | ၉၁၅ |
| ၇၀ - ၇၄ | ၂,၀၇၉ | ၇၂၈ | ၁,၃၅၁ | ၆၅.၀ | ၁,၀၈၈ | ၄၉၈ | ၈၁၀ | ၆၈၇ |
| ၇၅ - ၇၉ | ၁,၆၂၇ | ၄၈၈ | ၁,၁၃၉ | ၇၀.၀ | ၉၂၃ | ၅၅၁ | ၇၆၉ | ၆၄၂ |
| ၈၀ - ၈၄ | ၁,၀၆၁ | ၂၄၅ | ၈၁၆ | ၇၆.၉ | ၆၈၈ | ၄၈၉ | ၆၀၉ | ၅၁၁ |
| ၈၅ - ၈၉ | ၄၅၇ | ၈၇ | ၃၇၀ | ၈၁.၀ | ၂၉၅ | ၂၂၉ | ၂၈၉ | ၂၄၄ |
| ၉၀ + | ၁၈၂ | ၃၆ | ၁၄၆ | ၈၀.၂ | ၁၁၃ | ၉၉ | ၁၂၄ | ၉၉ |

- မော်လမြိုင်ကျွန်းမြို့နယ်တွင် လူဦးရေ (၁၀၀) လျှင် (၁၄) ဦးသည် အနည်းဆုံးမသန်စွမ်းမှု တစ်မျိုးမျိုးရှိကြောင်း တွေ့ရှိရပါသည်။
- အမျိုးသမီးများ၏ မသန်စွမ်းမှုရာခိုင်နှုန်းသည် အမျိုးသားများထက် အနည်းငယ်ပိုမြင့်ပါသည်။
- မသန်စွမ်းမှုရာခိုင်နှုန်းသည် အသက်အရွယ်ကြီးလာသည်နှင့်အမျှ မြင့်တက်လာပြီး အသက် (၄၀) နှစ်ကျော်တွင် ပိုမိုသိသာစွာမြင့်တက်လာသည်ကို တွေ့ရှိရပါသည်။
- မသန်စွမ်းမှုအမျိုးအစားများတွင် အမြင်နှင့် လမ်းလျှောက်/အမြင့်တက်/ပစ္စည်းကိုင်တွယ်ခြင်း တို့သည် အများဆုံးဖြစ်ပါသည်။

(ဆ) အိမ်အကြောင်းအရာနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ

**နေအိမ်အမျိုးအစားများ**

**ဇယား (၁၂) - နေအိမ်အမျိုးအစားအလိုက် အိမ်ထောင်စုရာခိုင်နှုန်းကို မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသော ဇယား**

| မြို့ပြ/ကျေးလက် | အိမ်ထောင်စု အရေအတွက် | ကွန်ဒို/တိုက်ခန်း/ တိုက်ခန်းတွဲ | ဘန်ဂလို/ တိုက်အိမ် | တိုက်ခံအိမ် | ပျဉ်ထောင်အိမ်/ သစ်သားအိမ် | ဝါးအိမ် | ၂-၃ နှစ်ခံ တဲအိမ် | ၁ နှစ်ခံ တဲအိမ် | အခြား |
|---|---|---|---|---|---|---|---|---|---|
| စုစုပေါင်း | ၇၄,၈၈၆ | ၀.၄ | ၁.၂ | ၂.၃ | ၄၃.၂ | ၃၉.၀ | ၇.၀ | ၅.၁ | ၁.၉ |
| မြို့ပြ | ၇,၅၈၃ | ၁.၃ | ၅.၅ | ၇.၈ | ၅၆.၄ | ၁၆.၄ | ၅.၆ | ၃.၈ | ၃.၃ |
| ကျေးလက် | ၆၇,၃၀၃ | ၀.၃ | ၀.၇ | ၁.၆ | ၄၁.၈ | ၄၁.၅ | ၇.၁ | ၅.၃ | ၁.၇ |

**ပုံ (၁၃) - နေအိမ်အမျိုးအစား**




- မော်လမြိုင်ကျွန်းမြို့နယ်တွင် နေအိမ်အများစုမှာ ပျဉ်ထောင်အိမ်/သစ်သားအိမ် အမျိုးအစားများဖြစ်ကြပြီး (၄၃.၂) ရာခိုင်နှုန်းရှိပါသည်။ ဒုတိယအများဆုံး နေအိမ်အမျိုးအစားမှာ ဝါးဖြင့်ဆောက်လုပ်ထားသော အိမ်များဖြစ်ပြီး (၃၉.၀) ရာခိုင်နှုန်းရှိပါသည်။
- မြို့ပြအိမ်ထောင်စုများ၏ (၅၆.၄) ရာခိုင်နှုန်းနှင့် ကျေးလက်အိမ်ထောင်စုများ၏ (၄၁.၈) ရာခိုင်နှုန်းတို့သည် ပျဉ်ထောင်အိမ်/သစ်သားအိမ်များဖြင့် နေထိုင်ကြပါသည်။

## အိမ်သာအမျိုးအစားများ

ပုံ (၁၄) - သန့်ရှင်းသော ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲသည့် အိမ်ထောင်စုအချိုး



ဇယား (၁၃) - အသုံးပြုသည့် အိမ်သာအမျိုးအစားအလိုက် အိမ်ထောင်စုရာခိုင်နှုန်းကို မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသောဇယား

| အိမ်သာအမျိုးအစား | | စုစုပေါင်း | မြို့ပြ | ကျေးလက် |
|---|---|---|---|---|
| ရေဆွဲအိမ်သာ | | ၀.၃ | ၀.၉ | ၀.၂ |
| ရေလောင်း/ ယင်လုံအိမ်သာ | | ၇၅.၇ | ၉၂.၇ | ၇၃.၈ |
| *သန့်ရှင်းသောယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲမှုရာခိုင်နှုန်း* | | *၇၆.၀* | *၉၃.၆* | *၇၄.၀* |
| တွင်း/ဇလား အိမ်သာ | | ၅.၅ | ၂.၇ | ၅.၈ |
| တွင်းမရှိ အိမ်သာ | | ၂.၀ | ၀.၃ | ၂.၂ |
| အခြား | | ၀.၇ | ၀.၄ | ၀.၈ |
| အိမ်သာမရှိ | | ၁၅.၈ | ၃.၀ | ၁၇.၂ |
| စုစုပေါင်း | ရာခိုင်နှုန်း | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| | အရေအတွက် | ၇၄,၈၈၆ | ၇,၅၈၃ | ၆၇,၃၀၃ |

- မော်လမြိုင်ကျွန်းမြို့နယ်တွင် အိမ်ထောင်စုများ၏ (၇၆.၀) ရာခိုင်နှုန်းသည် သန့်ရှင်းသော ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြပါသည်။ (ရေဆွဲအိမ်သာ (၀.၃) ရာခိုင်နှုန်းနှင့် ရေလောင်း/ ယင်လုံအိမ်သာ (၇၅.၇) ရာခိုင်နှုန်းတို့ဖြစ်ကြပါသည်။)
- ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခြားမြို့နယ်များနှင့် နှိုင်းယှဉ်ရာ မော်လမြိုင်ကျွန်းမြို့နယ်သည် သန့်ရှင်းသော ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲသည့် အိမ်ထောင်စုအချိုးသည် (၇၄-၉၆) ရာခိုင်နှုန်းအုပ်စုတွင်ပါဝင်ပါသည်။
- ဧရာဝတီတိုင်းဒေသကြီးတွင် သန့်ရှင်းသော ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲသည့် အိမ်ထောင်စု အချိုးမှာ (၇၄.၉) ရာခိုင်နှုန်းရှိပြီး မြန်မာနိုင်ငံတွင် (၇၄.၃) ရာခိုင်နှုန်း ရှိပါသည်။
- မော်လမြိုင်ကျွန်းမြို့နယ်တွင် အိမ်သာမရှိသည့် အိမ်ထောင်စု (၁၅.၈) ရာခိုင်နှုန်းရှိပြီး ဧရာဝတီတိုင်းဒေသကြီးတွင် (၁၂.၈) ရာခိုင်နှုန်းရှိပါသည်။
- မော်လမြိုင်ကျွန်းမြို့နယ်၏ ကျေးလက်ဒေသများတွင် အိမ်သာမရှိသည့် အိမ်ထောင်စု (၁၇.၂) ရာခိုင်နှုန်းရှိပါသည်။

သောက်ရေအမျိုးအစားများ

**ပုံ (၁၅) - သန့်ရှင်းသော သောက်ရေရရှိသည့် အိမ်ထောင်စုအချိုး**



## ဇယား (၁၄) - သောက်ရေအတွက် အဓိကအသုံးပြုသည့် ရေအမျိုးအစားအလိုက် အိမ်ထောင်စု ရာခိုင်နှုန်းကို မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသောဇယား

| သောက်ရေအမျိုးအစား | | စုစုပေါင်း | မြို့ပြ | ကျေးလက် |
|---|---|---|---|---|
| ရေပိုက်လိုင်း | | ၀.၈ | ၆.၀ | ၀.၂ |
| အဝီစိတွင်း | | ၅.၇ | ၂၈.၀ | ၃.၂ |
| ရေတွင်း (အုတ်စီ) | | ၀.၄ | ၀.၄ | ၀.၅ |
| ရေသန့်စက်/ရေသန့်ဘူး | | ၃.၁ | ၂၆.၆ | ၀.၄ |
| *စုစုပေါင်းရေကောင်းရေသန့်ရရှိမှုရာခိုင်နှုန်း* | | *၁၀.၀* | *၆၁.၀* | *၄.၃* |
| ရေတွင်း (အကာရံမဲ့) | | ၁.၄ | ၀.၁ | ၁.၅ |
| ရေကန် | | ၃၂.၆ | ၂.၈ | ၃၆.၀ |
| မြစ်/ချောင်း/တူးမြောင်း | | ၅၃.၆ | ၂၇.၄ | ၅၆.၅ |
| တောင်ကျရေ/မိုးရေ | | ၁.၆ | ၂.၇ | ၁.၅ |
| အခြား | | ၀.၈ | ၆.၀ | ၀.၂ |
| *စုစုပေါင်းရေကောင်းရေသန့် မရရှိမှုရာခိုင်နှုန်း* | | *၉၀.၀* | *၃၉.၀* | *၉၅.၇* |
| **စုစုပေါင်း** | **ရာခိုင်နှုန်း** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |
| | **အရေအတွက်** | **၇၄,၈၈၆** | **၇,၅၈၃** | **၆၇,၃၀၃** |

- မော်လမြိုင်ကျွန်းမြို့နယ်တွင် အိမ်ထောင်စုများ၏ (၁၀.၀) ရာခိုင်နှုန်းသည် သောက်ရေအတွက် ရေကောင်းရေသန့် (ရေပိုက်လိုင်း၊ အဝီစိတွင်း၊ ရေတွင်း (အုတ်စီ)၊ ရေသန့်စက်/ရေသန့်ဘူး) ကို အသုံးပြုကြပါသည်။
- ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခြားမြို့နယ်များနှင့် နှိုင်းယှဉ်ရာတွင် မော်လမြိုင်ကျွန်းမြို့နယ်၏ ရေကောင်းရေသန့်အသုံးပြုသည့် အိမ်ထောင်စုအချိုးသည် (၀-၃၂) ရာခိုင်နှုန်း အုပ်စုတွင် ပါဝင်ပါသည်။ မြန်မာနိုင်ငံ၏ ရေကောင်းရေသန့်ရရှိမှု (၆၉.၅) ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် နိမ့်သည်ကို တွေ့ရပါသည်။
- မော်လမြိုင်ကျွန်းမြို့နယ်တွင် အိမ်ထောင်စု (၅၃.၆) ရာခိုင်နှုန်းသည် မြစ်/ချောင်း/တူးမြောင်းမှ ရရှိသောရေကို သောက်ရေအဖြစ် သုံးစွဲကြပါသည်။ အိမ်ထောင်စု (၃၂.၆) ရာခိုင်နှုန်းသည် ရေကန်မှရေကို သုံးစွဲနေကြပါသည်။
- အိမ်ထောင်စု (၉၀.၀) ရာခိုင်နှုန်းသည် မသန့်ရှင်းသောအရင်းအမြစ်များမှ ရရှိသောရေကို သောက်ရေအဖြစ် သုံးစွဲနေကြရပါသည်။
- ကျေးလက်ဒေသရှိ အိမ်ထောင်စု (၉၅.၇) ရာခိုင်နှုန်းသည် မသန့်ရှင်းသောအရင်းအမြစ်များမှ ရရှိသောရေကို သောက်ရေအဖြစ် သုံးစွဲနေကြရပါသည်။

## အလင်းရောင်အတွက် စွမ်းအင်အသုံးပြုမှု

### ပုံ (၁၆) - အလင်းရောင်အတွက်လျှပ်စစ်မီး အသုံးပြုမှု




**ညွှန်ပြချက်**

**အလင်းရောင်အတွက်လျှပ်စစ်မီးအသုံးပြုမှု (%)**

- ၂ - ၁၇
- ၁၈ - ၃၁
- ၃၂ - ၄၆
- မြို့နယ် နယ်နိမိတ်

| | |
|---|---|
| ပြည်ထောင်စု | - ၃၂.၄% |
| ဧရာဝတီတိုင်းဒေသကြီး | - ၁၂.၀% |
| လပွတ္တာခရိုင် | - ၆.၈% |
| မော်လမြိုင်ကျွန်းမြို့နယ် | - ၅.၀% |

**ဇယား (၁၅) - အလင်းရောင်အတွက် အဓိကအသုံးပြုသည့် မီးအမျိုးအစားအလိုက် အိမ်ထောင်စုရာခိုင်နှုန်းကို မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသောဇယား**

| မီးအမျိုးအစား | | စုစုပေါင်း | မြို့ပြ | ကျေးလက် |
|---|---|---|---|---|
| လျှပ်စစ်မီး | | ၅.၀ | ၃၈.၉ | ၁.၂ |
| ရေနံဆီမီး | | ၂၇.၇ | ၀.၃ | ၃၀.၈ |
| ဖယောင်းတိုင်မီး | | ၁၆.၀ | ၅.၄ | ၁၇.၂ |
| ဘက်ထရီမီး | | ၃၉.၆ | ၂၂.၉ | ၄၁.၅ |
| မီးစက် (ပုဂ္ဂလိက) | | ၆.၈ | ၃၁.၆ | ၄.၀ |
| ရေအားလျှပ်စစ် (ပုဂ္ဂလိက) | | ၀.၁ | ၀.၃ | ၀.၁ |
| နေရောင်ခြည် စွမ်းအင်သုံး (ဆိုလာပြား) | | ၄.၁ | ၀.၃ | ၄.၅ |
| အခြား | | ၀.၇ | ၀.၃ | ၀.၇ |
| **စုစုပေါင်း** | **ရာခိုင်နှုန်း** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |
| | **အရေအတွက်** | **၇၄,၈၈၆** | **၇,၅၈၃** | **၆၇,၃၀၃** |

- မော်လမြိုင်ကျွန်းမြို့နယ်တွင် အလင်းရောင်အတွက် လျှပ်စစ်မီးအသုံးပြုသည့် အိမ်ထောင်စုအချိုးမှာ (၅.၀) ရာခိုင်နှုန်းဖြစ်ပါသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခြားမြို့နယ်များနှင့် နှိုင်းယှဉ်ရာ လျှပ်စစ်မီးအသုံးပြုမှုသည် (၂-၁၇) ရာခိုင်နှုန်းအုပ်စုတွင်ပါဝင်ပါသည်။ ဧရာဝတီတိုင်းဒေသကြီး၏ လျှပ်စစ်မီးအသုံးပြုသည့် အိမ်ထောင်စုအချိုးမှာ (၁၂.၀) ရာခိုင်နှုန်း ဖြစ်ပါသည်။
- မော်လမြိုင်ကျွန်းမြို့နယ်တွင် အလင်းရောင်အတွက် ဘက်ထရီမီးအသုံးပြုမှုသည် (၃၉.၆) ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပါသည်။
- ကျေးလက်ဒေသတွင် အိမ်ထောင်စုများ၏ (၄၁.၅) ရာခိုင်နှုန်းသည် အလင်းရောင်အတွက် ဘက်ထရီမီးကို အသုံးပြုကြပါသည်။

## ပုံ (၁၇) - သစ်သားကို အခြေခံသောလောင်စာ အသုံးပြုမှု




**ညွှန်ပြချက်**

အစားအစာချက်ပြုတ်စားသောက်ရန်အတွက် သစ်သားကိုအခြေခံသောလောင်စာအသုံးပြုမှု (%)

- ၇၉ - ၈၆
- ၈၇ - ၉၃
- ၉၄ - ၉၉
- မြို့နယ် နယ်နိမိတ်

| | |
|---|---|
| ပြည်ထောင်စု | - ၈၁.၀% |
| ဧရာဝတီတိုင်းဒေသကြီး | - ၉၂.၇% |
| လပွတ္တာခရိုင် | - ၉၂.၈% |
| မော်လမြိုင်ကျွန်းမြို့နယ် | - ၉၂.၉% |

### ဇယား (၁၆) - ချက်ပြုတ်စားသောက်ရန်အတွက် အဓိကအသုံးပြုသည့် လောင်စာအမျိုးအစားအလိုက် အိမ်ထောင်စုရာခိုင်နှုန်းကို မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသောဇယား

| လောင်စာအမျိုးအစား | | စုစုပေါင်း | မြို့ပြ | ကျေးလက် |
|---|---|---|---|---|
| လျှပ်စစ်မီး | | ၀.၃ | ၂.၈ | * |
| ဓာတ်ငွေ့ | | ၀.၁ | ၀.၉ | * |
| ရေနံဆီမီး | | ၀.၂ | - | ၀.၂ |
| ဘိုင်အိုဂက်စ် | | ၀.၁ | ၀.၇ | ၀.၁ |
| သစ်သား/ထင်း | | ၈၉.၇ | ၆၆.၃ | ၉၂.၄ |
| မီးသွေး/လောင်စာတောင့် | | ၃.၂ | ၂၁.၀ | ၁.၁ |
| ကျောက်မီးသွေး | | ၀.၁ | ၀.၂ | ၀.၁ |
| အခြား | | ၆.၃ | ၈.၁ | ၆.၁ |
| စုစုပေါင်း | ရာခိုင်နှုန်း | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| | အရေအတွက် | ၇၄,၈၈၆ | ၇,၅၈၃ | ၆၇,၃၀၃ |

- မော်လမြိုင်ကျွန်းမြို့နယ်တွင် အစားအစာချက်ပြုတ်စားသောက်ရန်အတွက် သစ်သားကို အခြေခံသော လောင်စာအမျိုးအစားများဖြစ်သည့် သစ်သား/ထင်း (၈၉.၇) ရာခိုင်နှုန်းနှင့် မီးသွေး/လောင်စာတောင့် (၃.၂) ရာခိုင်နှုန်းတို့ကို အဓိကအသုံးပြုကြကြောင်း တွေ့ရှိရပါသည်။
- အိမ်ထောင်စု (၀.၃) ရာခိုင်နှုန်းသာလျှင် အစားအစာချက်ပြုတ်စားသောက်ရန်အတွက် လျှပ်စစ်မီးကို အသုံးပြုကြပါသည်။
- ကျေးလက်ဒေသရှိ အိမ်ထောင်စုများတွင် သစ်သားကို အခြေခံသောလောင်စာများဖြစ်သည့် သစ်သား/ထင်း (၉၂.၄) ရာခိုင်နှုန်းနှင့် မီးသွေး/လောင်စာတောင့် (၁.၁) ရာခိုင်နှုန်းကို အဓိက အသုံးပြုကြပါသည်။

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

## ဆက်သွယ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ အသုံးပြုမှု

### ဇယား (၁၇) - ဆက်သွယ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းများသုံးစွဲမှုအလိုက် အိမ်ထောင်စုရာခိုင်နှုန်းကို မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသောဇယား

| မြို့ပြ/ကျေးလက် | အိမ်ထောင်စု အရေအတွက် | ရေဒီယို | ရုပ်မြင်သံကြား | ကြိုးဖုန်း | လက်ကိုင်ဖုန်း | ကွန်ပျူတာ | အိမ်တွင် အင်တာနက် တပ်ဆင်ထားခြင်း | မည်သည့်ပစ္စည်းမျှ မရှိသည့် ရာခိုင်နှုန်း | ပစ္စည်းအားလုံး ရှိသည့် ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|
| စုစုပေါင်း | ၇၄,၈၈၆ | ၄၃.၈ | ၃၂.၃ | ၆.၁ | ၁၄.၆ | ၀.၉ | ၁.၂ | ၄၀.၄ | ၀.၁ |
| မြို့ပြ | ၇,၅၈၃ | ၃၅.၀ | ၅၄.၀ | ၇.၁ | ၄၃.၃ | ၄.၃ | ၄.၈ | ၂၉.၀ | ၀.၆ |
| ကျေးလက် | ၆၇,၃၀၃ | ၄၄.၈ | ၂၉.၉ | ၆.၀ | ၁၁.၄ | ၀.၅ | ၀.၈ | ၄၁.၇ | * |

- အိမ်ထောင်စုများ၏ ဆက်သွယ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းများသုံးစွဲမှုတွင် ရေဒီယိုသုံးစွဲမှုသည် (၄၃.၈) ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ပါသည်။ ရုပ်မြင်သံကြားစက်ရှိသည့် အိမ်ထောင်စုအချိုးသည် မြို့ပြတွင် (၅၄.၀) ရာခိုင်နှုန်းဖြစ်ပြီး ရေဒီယိုရှိသည့် အိမ်ထောင်စုအချိုးသည် ကျေးလက်တွင် (၄၄.၈) ရာခိုင်နှုန်းဖြစ်ပါသည်။

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

#### ပုံ (၁၈) - ရေဒီယိုနှင့် ရုပ်မြင်သံကြားသုံးစွဲနိုင်သည့် အိမ်ထောင်စုရာခိုင်နှုန်း




- မော်လမြိုင်ကျွန်းမြို့နယ်တွင် ရုပ်မြင်သံကြားစက်ရှိသော အိမ်ထောင်စုမှာ (၃၂.၃) ရာခိုင်နှုန်းဖြစ်ပြီး ရေဒီယိုရှိသော အိမ်ထောင်စုမှာ (၄၃.၈) ရာခိုင်နှုန်းဖြင့် အိမ်ထောင်စုထက်ဝက်ခန့်ရှိကြောင်း တွေ့ရှိရပါသည်။

## ပုံ (၁၉) - လက်ကိုင်ဖုန်းသုံးစွဲနိုင်မှု




**ညွှန်ပြချက်**

လက်ကိုင်ဖုန်းရရှိသုံးစွဲနိုင်မှု (%)

- ၇ - ၂၀
- ၂၁ - ၃၂
- ၃၃ - ၅၅
- မြို့နယ် နယ်နိမိတ်

| | |
|---|---|
| ပြည်ထောင်စု | - ၃၂.၉% |
| ဧရာဝတီတိုင်းဒေသကြီး | - ၁၉.၂% |
| လပွတ္တာခရိုင် | - ၁၃.၅ % |
| မော်လမြိုင်ကျွန်းမြို့နယ် | - ၁၄.၆ % |

- မော်လမြိုင်ကျွန်းမြို့နယ်တွင် အိမ်ထောင်စု (၁၄.၆) ရာခိုင်နှုန်းသည် လက်ကိုင်ဖုန်းရှိကြောင်း တွေ့ရှိရပါသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် အိမ်ထောင်စု (၁၉.၂) ရာခိုင်နှုန်းသည် လက်ကိုင်ဖုန်းရှိပါသည်။

## ပို့ဆောင်ရေးယာဉ် အမျိုးအစားများ

ဇယား (၁၈) - သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသည့်ယာဉ်အမျိုးအစားအလိုက် အိမ်ထောင်စု အရေအတွက်ကို မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသောဇယား

| တိုင်းဒေသကြီး/ခရိုင်/မြို့နယ် | အိမ်ထောင်စု | ကား/ထရပ်ကား/ဗင်န် | မော်တော်ဆိုင်ကယ်/လှေပ်စစ်စက်ဘီး/သုံးဘီးကား | စက်ဘီး | (၄) ဘီးပါ ထော်လာဂျီ | ကနူးလှေ၊ သမ္ပာန် | စက်လှေ၊ မော်တော်ဘုတ် | လှည်း(ကျွဲ၊ နွား၊ မြင်း.. စသဖြင့်) |
|---|---|---|---|---|---|---|---|---|
| ဧရာဝတီတိုင်းဒေသကြီး | ၁,၄၈၈,၉၈၃ | ၉,၀၆၅ | ၂၇၆,၈၄၇ | ၅၆၆,၃၉၁ | ၃၆,၈၃၅ | ၂၁၁,၆၄၆ | ၁၀၀,၁၀၆ | ၂၂၇,၆၅၄ |
| မြို့ပြ | ၂၀၀,၉၆၂ | ၄,၇၀၆ | ၆၉,၃၉၂ | ၁၁၈,၆၅၉ | ၃,၀၃၀ | ၃,၇၇၄ | ၃,၄၅၇ | ၅,၅၄၉ |
| ကျေးလက် | ၁,၂၈၈,၀၂၁ | ၄,၃၅၉ | ၂၀၇,၄၅၅ | ၄၄၇,၇၃၂ | ၃၃,၈၀၅ | ၂၀၇,၈၇၂ | ၉၆,၆၄၉ | ၂၂၂,၁၀၅ |
| လပွတ္တာခရိုင် | ၁၅၀,၄၆၉ | ၃၁၃ | ၁၀,၁၉၀ | ၂၈,၀၀၂ | ၁,၅၅၃ | ၃၃,၄၀၆ | ၁၉,၈၄၄ | ၁၈,၇၀၈ |
| မြို့ပြ | ၁၅,၂၈၇ | ၁၃၈ | ၃,၄၉၂ | ၇,၉၈၀ | ၂၀၁ | ၄၄၇ | ၆၀၁ | ၆၁၆ |
| ကျေးလက် | ၁၃၅,၁၈၂ | ၁၇၅ | ၆,၆၉၈ | ၂၀,၀၂၂ | ၁,၃၅၂ | ၃၂,၉၅၉ | ၁၉,၂၄၃ | ၁၈,၀၉၂ |
| မော်လမြိုင်ကျွန်းမြို့နယ် | ၇၄,၈၈၆ | ၁၂၄ | ၅,၀၃၉ | ၁၆,၀၅၃ | ၇၆၁ | ၁၇,၂၇၉ | ၁၁,၁၁၂ | ၈,၈၅၂ |
| မြို့ပြ | ၇,၅၈၃ | ၅၁ | ၁,၇၅၃ | ၄,၀၂၆ | ၇၄ | ၁၃၀ | ၃၃၂ | ၁၇၀ |
| ကျေးလက် | ၆၇,၃၀၃ | ၇၃ | ၃,၂၈၆ | ၁၂,၀၂၇ | ၆၈၇ | ၁၇,၁၄၉ | ၁၀,၇၈၀ | ၈,၆၈၂ |

- မော်လမြိုင်ကျွန်းမြို့နယ်တွင် အိမ်ထောင်စုများ၏ သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသည့် ယာဉ်အမျိုးအစားများတွင် ကနူးလှေ၊ သမ္ပာန် အသုံးပြုမှုသည် (၂၃.၁) ရာခိုင်နှုန်းဖြင့်အမြင့်ဆုံး ဖြစ်ပြီး စက်ဘီးအသုံးပြုမှုသည် (၂၁.၄) ရာခိုင်နှုန်းဖြင့် ဒုတိယအမြင့်ဆုံးဖြစ်ပါသည်။
- မြို့ပြအိမ်ထောင်စုအများစုသည် စက်ဘီးကို သယ်ယူပို့ဆောင်ရေးယာဉ်အဖြစ် အသုံးပြုကြပြီး ကျေးလက်အိမ်ထောင်စုအများစုသည် ကနူးလှေ၊ သမ္ပာန်ကို သယ်ယူပို့ဆောင်ရေးယာဉ်အဖြစ် အဓိကအသုံးပြုကြပါသည်။

## (၈) မွေးဖွားခြင်းနှင့် သေဆုံးခြင်းအကြောင်းအရာ

### မွေးဖွားခြင်းအကြောင်းအရာ

ပုံ (၂၀) - ပြည်ထောင်စု၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့၏ အသက်အပိုင်းအခြားအလိုက် ကလေးမွေးဖွားနှုန်း




- မော်လမြိုင်ကျွန်းမြို့နယ်တွင် အသက် (၂၅-၂၉) အုပ်စုတွင် မွေးဖွားနှုန်းအမြင့်ဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။
- အသက် (၁၅) နှစ်မှ အသက် (၄၉) နှစ်အတွင်းရှိ အမျိုးသမီးတစ်ဦး၏ စုစုပေါင်းကလေးမွေးဖွားနှုန်းမှာ (၃.၁) ဦးဖြစ်ပြီး ပြည်ထောင်စုအဆင့် စုစုပေါင်းကလေးမွေးဖွားနှုန်း (၂.၅) ဦးထက် အနည်းငယ်ပိုမြင့်သည်ကို တွေ့ရှိရပါသည်။

## ပုံ (၂၁) - စုစုပေါင်းကလေးမွေးဖွားနှုန်း




**ညွှန်ပြချက်**

**စုစုပေါင်းကလေးမွေးနှုန်း**

- ၁.၆ – ၂.၅
- ၂.၆ – ၃.၄
- ၃.၅ – ၄.၄
- မြို့နယ် နယ်နိမိတ်

| | |
|---|---|
| ပြည်ထောင်စု | - ၂.၅ ဦး |
| ဧရာဝတီတိုင်းဒေသကြီး | - ၂.၈ ဦး |
| လပွတ္တာခရိုင် | - ၃.၃ ဦး |
| မော်လမြိုင်ကျွန်းမြို့နယ် | - ၃.၁ ဦး |

ပုံ (၂၂) - မျှော်မှန်းသက်တမ်း (ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်)




- ဧရာဝတီတိုင်းဒေသကြီးတွင် မွေးဖွားစဉ် မျှော်မှန်းသက်တမ်းသည် (၆၃.၆) နှစ်ဖြစ်ပြီး ပြည်ထောင်စု အဆင့် မျှော်မှန်းသက်တမ်း (၆၄.၇) နှစ်ထက်နိမ့်ပါသည်။
- မ မျှော်မှန်းသက်တမ်း (၆၇.၂ နှစ်) သည် ကျား မျှော်မှန်းသက်တမ်း (၆၀.၂ နှစ်) ထက် ပိုမြင့်ပါသည်။

## ကလေးအရွယ်သေဆုံးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်းအကြောင်းအရာ

ပုံ (၂၃) - တစ်နှစ်အောက်ကလေးသေနှုန်းနှင့် ငါးနှစ်အောက်ကလေးသေနှုန်း




- လပွတ္တာခရိုင်တွင် တစ်နှစ်အောက်နှင့် ငါးနှစ်အောက်ကလေးသေနှုန်းများသည် ပြည်ထောင်စုအဆင့် သေနှုန်းများထက် မြင့်ပါသည်။ အရှင်မွေးကလေး (၁,၀၀၀) တွင် အသက်တစ်နှစ်အောက် ကလေး (၁၂၄) ဦးနှင့် အရှင်မွေးကလေး (၁,၀၀၀) တွင် အသက်ငါးနှစ်အောက်ကလေး (၁၄၈) ဦး သေဆုံးလျက်ရှိပါသည်။
- မော်လမြိုင်ကျွန်းမြို့နယ်၏ တစ်နှစ်အောက်နှင့် ငါးနှစ်အောက်ကလေးသေနှုန်းများသည် ဧရာဝတီ တိုင်းဒေသကြီး၏ သေနှုန်းများထက်မြင့်ပြီး လပွတ္တာခရိုင်၏ သေနှုန်းများထက် နိမ့်ပါသည်။ အရှင်မွေးကလေး (၁,၀၀၀) တွင် အသက်တစ်နှစ်အောက်ကလေး (၁၀၈) ဦးနှင့် အရှင်မွေးကလေး (၁,၀၀၀) တွင် အသက်ငါးနှစ်အောက်ကလေး (၁၃၀) ဦးသေဆုံးလျက်ရှိပါသည်။

ပုံ (၂၄) - ကိုယ်ဝန်ဆောင်မိခင်သေနှုန်း (ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်)




- ဧရာဝတီတိုင်းဒေသကြီးတွင် အရှင်မွေးကလေး (၁၀၀,၀၀၀) ၌ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီး (၆) ပတ်အကြာတွင် မိခင် (၃၅၄) ဦးသေဆုံးလျက်ရှိပါသည်။
- ကိုယ်ဝန်ဆောင်မိခင်သေနှုန်းသည် ပြည်ထောင်စုအဆင့်ထက်မြင့်ပါသည်။
- အရှေ့တောင်အာရှနိုင်ငံများ၏ ကိုယ်ဝန်ဆောင်မိခင်သေနှုန်း (၁၄၀) နှင့် နှိုင်းယှဥ်ရာတွင် မြန်မာနိုင်ငံ၏ ကိုယ်ဝန်ဆောင်မိခင်သေနှုန်း (၂၈၂) သည် မြင့်မားနေကြောင်း တွေ့ရှိရပါသည်။

**သန်းခေါင်စာရင်းဆိုင်ရာ ဝေါဟာရအဓိပ္ပာယ်သတ်မှတ်ချက်များ**

**လူဦးရေ** - ဤအစီရင်ခံစာတွင်ပါဝင်သည့် လူဦးရေဆိုသည်မှာ သန်းခေါင်စာရင်းညတွင် မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းရှိနေသည့် လူဦးရေကို ဆိုလိုပါသည်။

**သန်းခေါင်စာရင်းည (သန်းခေါင်စာရင်းရည်ညွှန်းချိန်)** - ၂၀၁၄ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့ညကို ဆိုလိုပါသည်။ မတ်လ (၂၉) ရက်နေ့ည (၀၀း၀၀) အချိန်သည် သန်းခေါင်စာရင်း ရည်ညွှန်းချိန်ဖြစ်ပါ သည်။ မြန်မာနိုင်ငံအတွင်း သန်းခေါင်စာရင်းညတွင်ရှိသည့်လူအားလုံးကို စာရင်းကောက်ယူခဲ့ပါသည်။

**ကျေးလက် -** အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သတ်မှတ်ထားသော ကျေးရွာအုပ်စုများကို ဆိုလို ပါသည်။ ယေဘုယျအားဖြင့် ၎င်းဒေသများသည် လူဦးရေသိပ်သည်းဆ နည်းသည့်ဒေသများဖြစ်ပြီး ၎င်းမြေဧရိယာ များတွင် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်ပါသည်။

**မြို့ပြ** - အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သတ်မှတ်ထားသော ရပ်ကွက်များဖြစ်ပါသည်။ ယေဘုယျအားဖြင့် အဆိုပါဒေသများတွင် အဆောက်အအုံနှင့် လူဦးရေထူထပ်ပြီး စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပါသည်။

**သိပ်သည်းဆ** - ဧရိယာ တစ်စတုရန်းကီလိုမီတာတွင် နေထိုင်သောလူဦးရေကို ဆိုလိုပါသည်။ နယ်နိမိတ် တစ်ခုအတွင်းနေထိုင်သော လူဦးရေစုစုပေါင်းကို ၎င်းဒေသ၏ ဧရိယာအကျယ်အဝန်းနှင့် စားခြင်းဖြင့် သိပ်သည်းဆကိုရရှိပြီး စတုရန်းကီလိုမီတာဖြင့်ဖော်ပြပါသည်။ ထိုသို့တွက်ချက်ရာတွင် ကုန်းမြေကိုသာ ထည့်သွင်းတွက်ချက်ထားပါသည်။

**ပျမ်းမျှအိမ်ထောင်စုအရွယ်အစား** - အိမ်ထောင်စုတစ်စုတွင်ရှိသော ပျမ်းမျှအိမ်ထောင်စုဝင် အရေအတွက် ကိုဆိုလိုပါသည်။ (အိမ်ထောင်စုလူဦးရေစုစုပေါင်းကို အိမ်ထောင်စုအရေအတွက်ဖြင့် စားခြင်းဖြင့်ရရှိ ပါသည်။)

**ကျား/မ အချိုး** - အမျိုးသမီးဦးရေ (၁၀၀) ၌ရှိသည့် အမျိုးသားဦးရေကိုဆိုလိုပါသည်။

**မှီခိုသူအချိုး** - အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ် အသက် (၁၅) နှစ်မှ အသက် (၆၄) နှစ်ဦးရေ (၁၀၀) ပေါ်တွင် မှီခိုနေသည့် ကလေးဦးရေ (အသက် ၁၅ နှစ်အောက်) နှင့် သက်ကြီးရွယ်အိုဦးရေ (အသက် ၆၅ နှစ်နှင့်အထက်) တို့၏အချိုးဖြစ်ပါသည်။ စုစုပေါင်းမှီခိုသူအချိုး၊ ကလေးမှီခိုသူအချိုးနှင့် သက်ကြီးရွယ်အိုမှီခိုသူအချိုးတို့ကို တိုင်းတာတွက်ချက်နိုင်ပါသည်။

**ကလေးမှီခိုသူအချိုး** - အသက် (၁၅) နှစ်အောက် ကလေးဦးရေနှင့် အလုပ်လုပ်နိုင်သည့်လူဦးရေ (အသက် ၁၅ - ၆၄ နှစ်) အချိုးကို ဆိုလိုပါသည်။

**သက်ကြီးရွယ်အိုမှီခိုသူအချိုး** - အသက် (၆၅) နှစ်နှင့်အထက် သက်ကြီးရွယ်အိုဦးရေနှင့် အလုပ်လုပ်နိုင်သည့်လူဦးရေ (အသက် ၁၅ - ၆၄ နှစ်) အချိုးကို ဆိုလိုပါသည်။

**သက်ကြီးရွယ်အိုညွှန်ကိန်း** - အသက် (၁၅) နှစ်အောက် ကလေးဦးရေ (၁၀၀) တွင်ရှိသည့် အသက် (၆၅) နှစ်နှင့်အထက် သက်ကြီးရွယ်အိုဦးရေကို ဆိုလိုပါသည်။

**အသက်အလယ်ကိန်း** - စုစုပေါင်းလူဦးရေ၏အသက်များကို အုပ်စု (၂) စု အညီအမျှခွဲခြားရာတွင် ရရှိသည့် အလယ်ကိန်းဖြစ်ပါသည်။ လူဦးရေ၏တစ်ဝက်သည် အသက်အလယ်ကိန်းထက်ငယ်ပြီး ကျန်တစ်ဝက်သည် အသက်အလယ်ကိန်းထက် ကြီးပါသည်။

**ပညာရေး** - သင်ကြားခြင်းနှင့် သင်တန်းလမ်းညွှန်များမှတဆင့် သင်ကြားတတ်မြောက်ခြင်းကို ဆိုလိုပါသည်။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် စာတတ်မြောက်မှု၊ ကျောင်းနေမှုအခြေအနေ၊ အမြင့်ဆုံးတက်ရောက်ပြီးစီးခဲ့သည့် အတန်း/အဆင့်တို့ကို မေးမြန်းခဲ့ပါသည်။ ပညာရေးနှင့်ပတ်သက်၍ အမျိုးအစားခွဲခြားမှုများကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(က) **စာတတ်မြောက်မှု** - ဘာသာစကားတစ်ခုခုကို ကောင်းမွန်စွာ ရေးတတ်၊ ဖတ်တတ်ခြင်းကို ဆိုလိုပါသည်။

(ခ) **ကျောင်းတက်ရောက်မှုအခြေအနေ** - လွန်ခဲ့သည့်စာသင်နှစ်တွင် အတန်းပညာ အဆင့်ဆင့် သင်ကြားနိုင်ရန်ပုံမှန်ဖွင့်လှစ်ထားသော တရားဝင်အသိအမှတ်ပြု စာသင်ကျောင်းများ (သို့မဟုတ်) ပညာရေးအစီအစဉ်များတွင် ပညာသင်ကြားနေသူများကို ဆိုလိုပါသည်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်တက်နေသူများ အားလုံးပါဝင်ပါသည်။ အဆိုပါ ကျောင်းနေမှုအခြေအနေတွင် (၁) လက်ရှိတွင် ကျောင်းတက်နေသူ၊ (၂) ကျောင်းတက်ဖူးသူ၊ (၃) လုံးဝကျောင်းမတက်ဘူးသူ ဟူ၍ (၃) မျိုးပါဝင်ပါသည်။

(ဂ) **အမြင့်ဆုံးတက်ရောက်ပြီးစီးခဲ့သည့်အတန်း/အဆင့်** - အစိုးရကျောင်းများ၊ အစိုးရ အသိအမှတ်ပြု ထားသည့် ပုဂ္ဂလိကကျောင်းများတွင် တက်ရောက်ပြီးစီးခဲ့သည့် အမြင့်ဆုံး ပညာရေးအဆင့်/ ဘွဲ့/ဒီဂရီကို ဆိုလိုပါသည်။

**မသန်စွမ်းမှု** - နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုများ၊ အလုပ်လုပ်ကိုင်ဆောင်ရွက်မှု/သင်ယူမှုများ၊ လှုပ်ရှားမှုများတွင် အထောက်အကူမရှိပါက သာမန်လူများထက်ပို၍ အခက်အခဲရှိသူများကို ဆိုလိုပါသည်။ ၂၀၁၄ ခုနှစ်

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် မသန်စွမ်းမှုနှင့်ပတ်သက်၍ အောက်ပါတို့ကို မေးမြန်းထားပါသည်-

(က) လမ်းလျှောက်ခြင်း (ဝှီးချဲအသုံးပြုခြင်း၊ တောင်ဝှေး၊ ချိုင်းထောက်အသုံးပြုခြင်း၊ ခြေဆွံ့ခြင်း၊ အမြင့်တက်ရာတွင်ခက်ခဲခြင်း)

(ခ) အမြင် (အမြင်အာရုံအားနည်းခြင်း၊ မျက်စိမမြင်ခြင်း)

(ဂ) အကြား (အကြားအာရုံနည်းခြင်း၊ နားမကြားခြင်း)

(ဃ) မှတ်ဉာဏ်/အာရုံစူးစိုက်ခြင်း (ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း၊ ကျောင်းနေရန်ခက်ခဲခြင်း၊ အခြား စိတ်ပိုင်းဆိုင်ရာအခြေအနေများ)

**ကိုင်ဆောင်သည့်လက်မှတ်** - လူတစ်ဦးချင်းစီ၏ သက်သေခံအဖြစ် ကိုယ်ရေးအကြောင်းအရာ အချက် အလက်များပါဝင်သည့် ကတ်/လက်မှတ်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် သက်သေခံကတ်/လက်မှတ် အမျိုး အစားပေါင်းများစွာ ထုတ်ပေးထားပြီး နိုင်ငံခြားသားများအတွက် နိုင်ငံကူးလက်မှတ်ကိုဆိုလိုပါသည်။

**လုပ်သားအင်အားအခြေအနေ** - သန်းခေါင်စာရင်းရည်ညွှန်းရက်မတိုင်မီ (၂၀၁၄ ခုနှစ်၊ မတ်လ ၂၉ ရက်) လွန်ခဲ့သည့် (၁၂) လအတွင်း လုပ်ကိုင်ခဲ့သော အဓိကလုပ်ဆောင်မှုများကို ဆိုလိုပါသည်။ အသက် (၁၀) နှစ်နှင့်အထက် လူဦးရေကို အောက်ပါအတိုင်း ခွဲခြားဖော်ပြထားပါသည် -



**လုပ်သားအင်အားစု** - "အလုပ်ရှိသူ (လုပ်ငန်းခွင်ရှိလူဦးရေ)" နှင့် "အလုပ်လက်မဲ့" တို့ပါဝင်သည့် ယေဘုယျစကားရပ်တစ်ခု ဖြစ်ပါသည်။

**အလုပ်ရှိသူ** - လူတစ်ယောက်သည် အမြတ်အစွန်းတစ်ခုခု (လစာ၊ လုပ်ခ၊ စီးပွားရေးအကျိုးအမြတ် စသည်) အတွက် သန်းခေါင်စာရင်းမကောက်မီ တစ်ပတ်အတွင်း (သို့မဟုတ်) တစ်နှစ်အတွင်း အချိန်ပြည့် (သို့မဟုတ်) (၆) လနှင့်အထက် အလုပ်လုပ်ခဲ့လျှင် ထိုသူကို အလုပ်ရှိသည်ဟု ဆိုလိုပါသည်။ ၎င်းတို့တွင် လစာမရသော်လည်း မိသားစုလုပ်ငန်းတွင်လုပ်ကိုင်သူ၊ စတိုးဆိုင်၊ ပုဂ္ဂလိကဆေးရုံ အစရှိသည်တို့တွင် လုပ်ကိုင်နေသူများပါဝင်ပါသည်။

**အလုပ်လက်မဲ့** - အလုပ်လုပ်ကိုင်နိုင်သူဖြစ်သော်လည်း သတ်မှတ်ထားသည့်ကာလအတွင်း အလုပ်မရှိသူ၊ အလုပ်ရှာဖွေနေသူကို ဆိုလိုပါသည်။

**လုပ်သားအင်အားစုတွင်မပါဝင်သူများ** - သန်းခေါင်စာရင်းကောက်ယူချိန်မတိုင်မီ ရက်သတ္တပတ်အတွင်း အလုပ်မရှိသူ၊ အလုပ်မရှာခဲ့သူ၊ အလုပ်မလုပ်နိုင်သူများကို ဆိုလိုပါသည်။ အဆိုပါအုပ်စုတွင် အချိန်ပြည့် ကျောင်းတက်နေသူ၊ အိမ်မှုကိစ္စလုပ်သူ၊ သက်ကြီးရွယ်အိုများ ပါဝင်ပါသည်။

**လုပ်သားအမျိုးအစား** - အလုပ်ရှိသူများကို လွန်ခဲ့သော (၁၂) လအတွင်း ၎င်းတို့ဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်း လုပ်ဆောင်မှုအလိုက် ခွဲခြားဖော်ပြခြင်းဖြစ်ပါသည်။ လုပ်သားအမျိုးအစားများကို အောက်ပါအတိုင်း အုပ်စု (၅) စုခွဲခြားထားပါသည်-

(က) **အစိုးရဝန်ထမ်း** - အစိုးရဌာန/အဖွဲ့အစည်းများတွင် အလုပ်လုပ်ကိုင်နေသူများ

(ခ) **ပုဂ္ဂလိက/အဖွဲ့အစည်းဝန်ထမ်း** - ပုဂ္ဂလိကလုပ်ငန်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ရောင်းဝယ်ရေးလုပ်ငန်းများတွင်လုပ်ကိုင်နေသူများ

(ဂ) **အလုပ်ရှင်** - သတ်မှတ်ကာလအတွင်း ၎င်းတို့၏ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကို အလုပ်သမား (၁) ဦးဖြစ်စေ၊ (၁) ဦးထက်ပို၍ဖြစ်စေ ခန့်ထားပြီး လုပ်ငန်းလုပ်ကိုင်သူများ

(ဃ) **ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ** - ကိုယ်ပိုင်စီးပွားရေး (သို့မဟုတ်) မိသားစုစီးပွားရေးတွင် မည်သည့်အလုပ်သမားကိုမျှ ခန့်ထားခြင်းမရှိဘဲ ကိုယ်တိုင်ဝင်ရောက်လုပ်ကိုင်သူ

(င) **မိသားစုလုပ်ငန်းလုပ်ကိုင်သူ** - မိသားစုဝင်တစ်ဦးဦး၏ စီးပွားရေးလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေး၊ ခြံလုပ်ငန်း၊ ကုန်ရောင်းကုန်ဝယ်လုပ်ငန်း (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းလုပ်ငန်း တစ်ခုခုတွင် လုပ်အားခမရရှိဘဲ ဝင်ရောက်လုပ်ကိုင်သူ

**လုပ်သားအင်အားပါဝင်နှုန်း** - အသက်အုပ်စုတစ်ခုတွင်ရှိသည့် လုပ်သားအင်အားနှင့် အဆိုပါအသက်အုပ်စုအတွင်းရှိ လူဦးရေတို့၏အချိုးကို ဆိုလိုပါသည်။ လုပ်သားအင်အားပါဝင်နှုန်းသည် အလုပ်လုပ်နိုင်သည့် လူဦးရေပမာဏကို ဖော်ပြသည့် အရေးကြီးသော အညွှန်းကိန်းဂဏန်းတစ်ခုဖြစ်ပါသည်။

$$\text{လုပ်သားအင်အားပါဝင်နှုန်း} = \frac{\text{လုပ်သားအင်အားစုတွင်ပါဝင်သူဦးရေ (အလုပ်ရှိသူ + အလုပ်လက်မဲ့)}}{\text{စုစုပေါင်းလူဦးရေ}} \times ၁၀၀$$

**အလုပ်လက်မဲ့ရာခိုင်နှုန်း** - လုပ်သားအင်အားစုစုပေါင်းတွင် အလုပ်အကိုင်မရရှိသေးဘဲ အလုပ်ရှာနေသူနှင့် အလုပ်လုပ်ရန်ဆန္ဒရှိသူတို့၏ ရာခိုင်နှုန်းကို ဆိုလိုပါသည်။ အဆိုပါလူဦးရေသည် အလုပ်ရှာဖွေနေသူများဖြစ်ပြီး အလုပ်လုပ်ရန်အဆင်သင့်ရှိသူများ ဖြစ်ပါသည်။

$$\text{အလုပ်လက်မဲ့ရာခိုင်နှုန်း} = \frac{\text{အလုပ်လက်မဲ့ဦးရေ}}{\text{လုပ်သားအင်အားစုတွင်ပါဝင်သူဦးရေ (အလုပ်ရှိသူ + အလုပ်လက်မဲ့)}} \times ၁၀၀$$

**အလုပ်အကိုင်ရရှိမှုနှင့် လူဦးရေအချိုး** - နိုင်ငံတစ်ခု၏အလုပ်ရှိသူဦးရေနှင့် အလုပ်လုပ်ကိုင်နိုင်သည့် လူဦးရေ (အသက် ၁၅ - ၆၄) ၏အချိုးအစားကိုပြသည့် စာရင်းအင်းဆိုင်ရာ အချိုးတစ်ခုဖြစ်ပါသည်။ လူတစ်ဦးသည် တစ်ပတ်လျှင် အနည်းဆုံးတစ်နာရီကြာ အလုပ်လုပ်ကိုင်ပါက ၎င်းကိုအလုပ်အကိုင်ရှိသူဟု နိုင်ငံတကာ အလုပ်သမားအဖွဲ့ကြီးမှ သတ်မှတ်ထားပါသည်။

$$\text{အလုပ်အကိုင်ရရှိမှုနှင့် လူဦးရေအချိုး} = \frac{\text{အလုပ်ရှိသူဦးရေ}}{\text{စုစုပေါင်းလူဦးရေ}} \times ၁၀၀$$

**အလုပ်အကိုင်** - သန်းခေါင်စာရင်းရည်ညွှန်းချိန်မတိုင်မီ လွန်ခဲ့သော (၁၂) လအတွင်း လုပ်ကိုင်ခဲ့သည့် လူတစ်ယောက်၏ အလုပ်အကိုင်ကိုဆိုလိုပါသည်။ လုပ်ငန်းနှင့်သက်ဆိုင်ခြင်းမရှိဘဲ လွန်ခဲ့သော (၁၂) လအတွင်း လုပ်ကိုင်ခဲ့သည့်အလုပ်အကိုင်ကိုသာ ဆိုလိုခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင် အလုပ်အကိုင်ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ စာရင်းကိုင်၊ အချက်အလက်သွင်းစာရေး၊ အတွင်းရေးမှူး၊ အိမ်မှုကိစ္စလုပ်သူ၊ တံငါသည်၊ လူ့အရင်းအမြစ်မန်နေဂျာစသည်ဖြင့် အသေးစိတ်ဖော်ပြရမည်ဟု သန်းခေါင်စာရင်းစာရင်းကောက်များကို ညွှန်ကြားထားပါသည်။ အကယ်၍ဖြေဆိုသူသည် အလုပ်အကိုင်နှစ်ခု (သို့မဟုတ်) နှစ်ခုထက်ပို၍ လုပ်ကိုင်ခဲ့လျှင် အဓိကလုပ်ကိုင်သော အလုပ်အကိုင်တစ်ခုကို သတ်မှတ်ရွေးချယ်စေခဲ့ပါသည်။ အလုပ်အကိုင်အမျိုးအစားများ ခွဲခြားသတ်မှတ်ရာတွင် ISCO 2008 ကို အခြေခံ၍ ခွဲခြားထားပါသည်။

**လုပ်ငန်း** - သန်းခေါင်စာရင်းရည်ညွှန်းချိန်မတိုင်မီ လွန်ခဲ့သော (၁၂) လအတွင်း အလုပ်လုပ်နေသူများ လုပ်ကိုင်နေသည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။ အလုပ်လုပ်နေသူများလုပ်ကိုင်နေသည့် လုပ်ငန်းခွင်နေရာ ကို ဖော်ပြရမည်ဖြစ်ပါသည်။ အလုပ်လုပ်နေသူတစ်ဦး၏ လုပ်ကိုင်နေရသည့် တာဝန်များ (သို့မဟုတ်) ဆောင်ရွက်ချက်များကို ဖော်ပြရန်မလိုဘဲ ကုန်ထုတ်လုပ်ငန်း (သို့မဟုတ်) ဝန်ဆောင်မှုပေးသည့် လုပ်ငန်း အမျိုးအစားကို ဆိုလိုခြင်းဖြစ်ပါသည်။ ဥပမာ - လူတစ်ယောက်သည် တီဗွီထုတ်လုပ်သောစက်ရုံ၏ သိုလှောင်ရုံတွင် အလုပ်လုပ်ကိုင်သူဖြစ်ပါက ထိုသူ၏လုပ်ငန်းသည် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ဖြစ်ပါသည်။ အကယ်၍ဖြေဆိုသူသည် လုပ်ငန်းနှစ်ခု (သို့မဟုတ်) နှစ်ခုထက်ပိုသော လုပ်ငန်းများတွင် လုပ်ကိုင်ခဲ့ပါလျှင် အဓိကလုပ်ကိုင်သော လုပ်ငန်းတစ်ခုကို သတ်မှတ်ရွေးချယ်စေခဲ့ပါသည်။ လုပ်ငန်းများ ခွဲခြားသတ်မှတ်ရာတွင် ISIC Revision 4 ကို အခြေခံ၍ ခွဲခြားထားပါသည်။

**အရှင်မွေးကလေး** - ကလေးငယ်မိခင်ဝမ်းမှကျွတ်ချိန်တွင် ငိုခြင်း၊ အသံပြုခြင်း၊ ခြေလက်များလှုပ်ရှားခြင်း စသည့် အသက်ရှင်သန်မှု သင်္ကေတတစ်ခုခုကို ပြုလုပ်သူကို ဆိုလိုပါသည်။ သန်းခေါင်စာရင်းတွင် အရှင် မွေးကလေးများကို ထည့်သွင်းကောက်ယူခဲ့ပါသည်။ ထို့အပြင် အိမ်ထောင်ကျဖူးသည့် အမျိုးသမီးများ၏ နောက်ဆုံးအရှင်မွေးကလေးအကြောင်းအရာများကိုလည်း ထည့်သွင်းကောက်ယူခဲ့ပါသည်။

**စုစုပေါင်းကလေးမွေးဖွားနှုန်း** - အမျိုးသမီးတစ်ယောက်မွေးဖွားနိုင်သည့် ပျမ်းမျှကလေးအရေအတွက် (အမျိုးသမီးအားလုံး ကလေးမွေးဖွားနိုင်သည့် အသက်အပိုင်းအခြား ပြီးဆုံးသည်အထိ အသက်ရှင်ပြီး လက်ရှိမွေးနှုန်းအတိုင်း မွေးမည်ဆိုပါက) ကို ဆိုလိုပါသည်။

$$\text{စုစုပေါင်းကလေးမွေးဖွားနှုန်း} = ၅ \times \sum \text{အသက်အုပ်စုအလိုက် ကလေးမွေးဖွားနှုန်း}$$

**အသက်အုပ်စုအလိုက် ကလေးမွေးဖွားနှုန်း** - အသက်အုပ်စုအလိုက် အမျိုးသမီး (၁,၀၀၀) တစ်နှစ်အတွင်း မွေးဖွားသည့် ကလေးဦးရေကို တိုင်းတာခြင်းဖြစ်ပါသည်။ အသက်အုပ်စုအလိုက် ကလေးမွေးဖွားနှုန်းကို တိုင်းတာရာတွင် သီးခြားဖော်ပြထားခြင်းမရှိပါက ပြက္ခဒိန်နှစ်ကို အခြေခံ၍ တွက်ချက်ပါသည်။

## ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်အစီရင်ခံစာ ပြုစုသူများစာရင်း

| အမည် | ရာထူးနှင့် ဌာန/အဖွဲ့အစည်း | တာဝန် |
|---|---|---|
| **အစီရင်ခံစာပြုစုသူ** | | |
| ဒေါ်မာမာဦး | ဦးစီးအရာရှိ၊ ပြည်သူ့အင်အားဦးစီးဌာန | ရေးသားပြုစုသူ |
| ဦးစိုင်းဆေခမ်း | အကြီးတန်းစာရေး၊ ပြည်သူ့အင်အားဦးစီးဌာန | ရေးသားပြုစုသူ |
| | | |
| **စစ်ဆေးတည်းဖြတ်သူ** | | |
| ဦးကျော့ပေါ်ထွန်း | UNFPA အကြံပေး | အပြီးသတ်စစ်ဆေးတည်းဖြတ်သူ |
| ဒေါ်စန္ဒာမြင့် | ဒုတိယညွှန်ကြားရေးမှူး၊ ပြည်သူ့အင်အားဦးစီးဌာန | အပြီးသတ်စစ်ဆေးတည်းဖြတ်သူ |
| ဒေါ်မျိုးသန္တာ | ဦးစီးအရာရှိ၊ ပြည်သူ့အင်အားဦးစီးဌာန | စစ်ဆေးတည်းဖြတ်သူ |
| ဒေါ်မွေးကြည်ကြည်ခင် | ဦးစီးအရာရှိ၊ ပြည်သူ့အင်အားဦးစီးဌာန | စစ်ဆေးတည်းဖြတ်သူ |
| | | |
| **စာရင်းဇယားပြုစုခြင်းနှင့် မြေပုံရေးဆွဲခြင်း** | | |
| ဒေါ်စန္ဒာမြင့် | ဒုတိယညွှန်ကြားရေးမှူး၊ ပြည်သူ့အင်အားဦးစီးဌာန | ကွန်ပျူတာအစီအစဥ်ရေးဆွဲခြင်းနှင့် စာရင်းဇယားပြုစုသူ |
| ဒေါ်လင်းလင်းမာ | ဦးစီးအရာရှိ၊ ပြည်သူ့အင်အားဦးစီးဌာန | မြေပုံရေးဆွဲပြုစုသူ |
| ဒေါ်ချိုချိုသန်း | လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး၊ ပြည်သူ့အင်အားဦးစီးဌာန | မြေပုံရေးဆွဲပြုစုသူ |
| ဒေါ်ခိုင်စပယ်ထွန်း | အငယ်တန်းစာရေး၊ ပြည်သူ့အင်အားဦးစီးဌာန | မြေပုံရေးဆွဲပြုစုသူ |
| | | |
| **စာစီနှင့်ဒီဇိုင်းအဖွဲ့** | | |
| ဦးနိုင်ဖြိုးကျော် | ဦးစီးအရာရှိ၊ ပြည်သူ့အင်အားဦးစီးဌာန | စာစီနှင့်ဒီဇိုင်းပြုစုသူ |
| ဦးစိုင်းမောင် | အငယ်တန်းစာရေး၊ ပြည်သူ့အင်အားဦးစီးဌာန | စာစီနှင့်ဒီဇိုင်းပြုစုသူ |
| ဦးသူလွင် | ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး၊ ပြည်သူ့အင်အားဦးစီးဌာန | စာစီနှင့်ဒီဇိုင်းပြုစုသူ |
| | | |

အစီရင်ခံစာများကို အောက်ဖော်ပြပါ

ဝက်ဘ်ဆိုဒ်များတွင် ရယူနိုင်ပါသည်။

www.dop.gov.mm

(သို့မဟုတ်)

http://myanmar.unfpa.org/census